## ပေါင်းနှင့်သီးနှံအဓိကယှဉ်ပြိုင်ရသည့်အရာများနှင့်ပေါင်းနှိမ်နင်းရမည့်အချိန်

(၁) အလင်းရောင်


(၂) ရေ

(၃) အာဟာရ


(၄) နေရာ

ဤလေးမျိုးကို ယှဉ်ပြိုင်လုယူရာတွင် အပင်ပေါက်ပြီး စောစောပိုင်းကာလများတွင် သီးနှံပင်ရော ပေါင်းပင်လေးများပါ ငယ်ရွယ်သေးသဖြင့် ယှဉ်ပြိုင်မှုမှာ မသိသာလှပေ။ သို့ရာတွင် အပင်ကြီးလာသည်နှင့်အမျှ ယှဉ်ပြိုင်မှုမှာ ကြီးမားလာပြီး ၎င်းယှဉ်ပြိုင်မှုသည် သီးနှံပင်နှင့် ပေါင်းပင်များကြီးထွားမှု ညီမျှသွားသည်အထိ ဆက်လက်ဖြစ်ပေါ်သည်။ ဤသို့ ညီမျှသွားချိန်တွင် အပင်နှစ်မျိုးလုံးထိခိုက်ပြီးဖြစ်သည်။ ဤကာလလွန်မှ ပေါင်းလိုက်ခြင်းသည် ရသင့်သည့် သီးနှံအထွက်ကို မရတော့ပေ။ ထိုသို့စတင်ယှဉ်ပြိုင်သည့်ကာလမှ ညီမျှချိန်အထိကို အရေးကြီးသည့် ယှဉ်ပြိုင်မှုကာလဟုခေါ်ပြီး ပေါင်းကင်းစင်စွာ ထားရမည့်ကာလ ဖြစ်သည်။


ပေါင်းနှင့်သီးနှံယှဉ်ပြိုင်မှု အရေးကြီးဆုံးကာလမှာ ယေဘုယျအားဖြင့် သီးနှံပင် သက်တမ်း၏ ရှေ့ပိုင်းသုံးပုံတစ်ပုံဖြစ်၍ ထိုကာလသည် ပေါင်းကင်းစင်အောင် နှိမ်နင်းရန် အလိုအပ်ဆုံးဖြစ်ပါသည်။



ပေါင်းနှင့်သီးနှံ ရေအတွက် ယှဉ်ပြိုင်ရပုံ



ပေါင်းနှင့်သီးနှံ နေရာအတွက် ယှဉ်ပြိုင်ရပုံ




ပေါင်းနှင့်သီးနှံ အလင်းရောင်နှင့် အစာအာဟာရအတွက် ယှဉ်ပြိုင်ရပုံ